## Twenty-Fifth Sunday in Ordinary Time (C)

**1st READING:** ***Amos 8:4-7***

အာမုတ်အနာဂတ္တိကျမ်း။ ၈း ၄–၇

ငါတို့သည်စပါးကိုရောင်းအံ့သောငှါလဆန်းနေ့လွန်ပါစေ။ဂျုံကိုရောင်းအံ့ငှါဥပုသ်နေ့လွန်ပါစေဟုဆိုလျက်၊ဖောလေးကိုငယ်စေခြင်းငှါရင်းငင်းလုပ်၍၊စဉ်းလဲသောချိန်ခွင်ကိုသုံးလျက်ဆင်းရဲသောသူကိုငွေနှင့်ရင်းငင်း၊ငတ်မွတ်သောသူကိုခြေနင်းတရံနှင့်ရင်းငင်းဝယ်၍၊ညံ့သောဂျုံဆန်ကိုရောင်းလျက်၊ငတ်မွတ်သောသူတို့ကိုနှိပ်နင်း၍ဆင်းရဲသောပြည်သားတို့ကိုဖြတ်ခြင်းငှါအလွန်အလို့ကြီးသောသူတို့၊ဤစကားကိုနားထောင်ကြလော့။ထာဝရဘုရားသည်ယာကုပ်၏ဘုန်းကိုတိုင်တည်၍ကျိန်ဆိုတော်မူသည်ကား၊အကယ်စင်စစ်သူတို့ကျင့်ကြံပြုမူသမျှတို့ကိုငါသည်အစဉ်မပြတ်မမေ့လျော့။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm     Psalms 113: 1-2, 4-6, 7-8

ဆာလံကျမ်း ၁၁၃

**သံပြိုင်။** ။ဆင်းရဲသားတို့ကိုမြေမှုန့်ထဲမှပင့်မြှောက်တော်မူသောထာဝရဘုရားအားချီးမွမ်းထောမနာပြုကြလော့။

R. (cf. 1a, 7b) **Praise the Lord who lifts up the poor.**

၁။ ။ ထာဝရဘုရားအားချီးမွမ်းထောမနာပြုကြလော့။ ထာဝရဘုရား၏အစေခံတို့ထာဝရဘုရား၏နာမတော်ကိုချီးမွမ်းထောမနာပြုကြလော့။ချီးမွမ်းထောမနာပြုကြလော့။ထာဝရဘုရား၏နာမတော်သည်ယခုမှစ၍၊ ကာလအစဉ်အဆက်ကောင်းချီးမင်္ဂလာရှိပါစေ သော။ **(သံပြိုင်)**

Praise, you servants of the LORD, praise the name of the LORD. Blessed be the name of the LORD both now and forever.

၂။ ။ ထာဝရဘုရားသည်လူမျိုးအပေါင်းတို့ထက် မြင့်မားတော်မူ၏။ ကိုယ်တော်၏ဘုန်းဂုဏ်တော်သည်မိုးကောင်းကင်အထက်မှာရှိတော်မူ၏။ ငါတို့၏ဘုရားသခင်ထာဝရဘုရားနှင့်တူနိုင်သူတစ်စုံတစ်ယောက်မျှမရှိ။ ကိုယ်တော်သည်အမြင့်ဆုံးအရပ်၌စံနေတော်မူ၏။သို့ရာတွင်ကောင်းကင်နှင့်မြေကြီးကိုငုံ့၍ကြည့်တော်မူ၏။ **(သံပြိုင်)**

High above all nations is the LORD; above the heavens is his glory. Who is like the LORD, our God, who is enthroned on high and looks upon the heavens and the earth below?

၃။ ။ ကိုယ်တော်သည်ဆင်းရဲသားတို့ကိုမြေမှုန့်ထဲမှပင့်မြှောက်တော်မူ၍၊ နွမ်းပါးသူတို့ကိုပြာပုံထဲမှဆွဲထုတ်တော်မူ၏။ကိုယ်တော်သည်သူတို့ကိုမင်းညီမင်းသားများနှင့်မိမိလူမျိုးကိုအုပ်စိုးသော မင်းများနှင့်အတူထိုင်ရသော အခွင့်ကို ပေးတော်မူ၏။ **(သံပြိုင်)**

He raises up the lowly from the dust; from the dunghill he lifts up the poor
to seat them with princes, with the princes of his own people.

2nd READING: 1Timothy 2: 1-8

တိမောသေဦးထံပေါလုရေးသောပထမစာစောင်   ၂း၁–၈

ပထမဦးစွာငါနိုးဆော်တိုက်တွန်းလိုသည်မှာသင်တို့သည်ဘုရားသခင်ထံအသနားခံခြင်း၊ဆုတောင်းပတ္ထနာပြုခြင်း၊တောင်းလျှောက်ခြင်း၊ကျေးဇူးတော်ကိုချီးမွမ်းခြင်းတို့ကိုလူအပေါင်းတို့အတွက်ပြုကြစေရန်ပင်ဖြစ်ပြီး၊ရှင်ဘုရင်များ၊ရာထူးကြီးမြင့်သူများအတွက်လည်းထိုနည်းတူပြုကြခြင်းဖြင့်ငါတို့သည်ငြိမ်သက်ချမ်းမြေ့စွာနေထိုင်ကြလျက်အရာရာတွင်ဘုရားတရားနှင့်အညီအကျင့်သိက္ခာရှိစွာနေနိုင်ကြပေမည်။ဤအမှုသည်ကောင်းမြတ်၍၊ငါတို့ကယ်တင်ရှင်ဘုရားသခင်၏ရှေ့မှောက်တော်တွင်လက်ခံဖွယ်ဖြစ်ပေသည်။လူအပေါင်းတို့သည်ကယ်တင်ခြင်းခံရ၍သမ္မာတရားတော်ကိုသိစေခြင်းငှာဘုရားသခင်အလိုရှိတော်မူ၏။ဘုရားတစ်ဆူတည်းသာရှိပြီးဘုရားနှင့်လူတို့အကြားတစ်ဦးတည်းသောဆက်သွယ်ပေးသူမှာလူစင်စစ်ဖြစ်သောခရစ်တော်ယေရှုပေတည်း။ကိုယ်တော်သည်လူအပေါင်းတို့အားအပြစ်မှရွေးယူကယ်တင်ရန်အဖိုးအခအဖြစ်မိမိကိုယ်ကိုပေးဆက်ခဲ့သည်ကိုလည်းအချိန်တန်သောအခါသက်သေခံခဲ့လေပြီ။ဤအတွက်ငါသည်ဟောပြောသွန်သင်သူအရာ၌လည်းကောင်း၊တမန်တော်အရာ၌လည်းကောင်း၊ယုံကြည်ခြင်းတရားနှင့်သမ္မာတရားတို့ကိုလူမျိုးခြားတို့အားသင်ကြားသောဆရာအရာ၌လည်းကောင်းခန့်အပ်ခြင်းခံရသည်။ငါသည်မုသားစကားကိုမဆို၊မှန်သောစကားကိုသာဆို၏။သို့ဖြစ်၍အရပ်ရပ်၌အမျိုးသားတို့သည်အမျက်ထွက်ခြင်း၊ခိုက်ရန်ဖြစ်ခြင်းမရှိပဲမွန်မြတ်သောလက်များကိုပင့်မြှောက်၍ဆုတောင်းကြစေရန်ငါအလိုရှိ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***Luke 16:1-13***
ရှင်လုကာဧဝံဂေလိကျမ်း    ၁၆း၁–၁၃

တစ်ဖန်ကိုယ်တော်ကတပည့်တော်တို့အားမိန့်တော်မူသည်ကား၊တစ်ခါကသူဌေးတစ်ဦးတွင်ဘဏ္ဍာစိုးတစ်ယောက်ရှိ၏ ။ဤဘဏ္ဍာစိုးသည်သူဌေး၏ဥစ္စာကိုဖြုန်းတီးသည့်အကြောင်းစွပ်စွဲတိုင်တန်းချက်များသူ့ထံရောက်လာလေ၏ ။သူသည်လည်းဘဏ္ဍာစိုးကိုခေါ်၍သင်၏အကြောင်းငါကြားရပြီ။ဤသတင်းသည်မည်သို့ဖြစ်သနည်း။သင်၏ဝတ္တရားနှင့်သက်ဆိုင်သောငွေစာရင်းကိုပေးလော့။အကြောင်းမူကား၊ယခုမှစ၍သင်သည်ဘဏ္ဍာစိုးမလုပ်ရဟုဆို၏ ။ထိုအခါ၊ဘဏ္ဍာစိုးကငါ့သခင်သည်ငါ့ကိုဘဏ္ဍာစိုးအရာမှဖယ်ရှားလေပြီ။ငါမည်ကဲ့သို့ပြုရမည်နည်း။မြေတူးခြင်းငှာငါမတတ်နိုင်။တောင်းစားခြင်းငှာငါရှက်၏ ။ငါသည်ဘဏ္ဍာစိုးအရာမှဖယ်ရှားခံရပြီးနောက်လူတို့သည်မိမိတို့အိမ်များတွင်ငါ့ကိုလက်ခံကြစေရန်မည်သို့ပြုရမည်ကိုငါသိ၏ဟုမိမိစိတ်ထဲ၌ဆိုလေ၏ ။ထို့ကြောင့်သူသည်မိမိသခင်အပေါ်အကြွေးတင်နေသောသူအသီးသီးကိုခေါ်၍၊ပထမတစ်ဦးအားသင်သည်ငါ့သခင်ထံပေးဆပ်ရန်မည်မျှရှိသနည်းဟုဆိုလျှင်။ထိုသူကဆီအချိန်တစ်ရာရှိပါသည်ဟုဆို၏ ။ဘဏ္ဍာစိုးကလည်းသင်၏စာရင်းကိုယူ၍အလျင်အမြန်ထိုင်ပြီးလျှင်ငါးဆယ်ရေးမှတ်လော့ဟုဆို၏ ။ထို့နောက်သူသည်အခြားသူတစ်ယောက်အားသင်သည်မည်မျှပေးဆပ်ရန်ရှိသနည်းဟုမေးလျှင်ထိုသူကဂျုံစပါးတင်းတစ်ရာရှိပါသည်ဟုဆို၏ ။ဘဏ္ဍာစိုးကလည်းသင်၏စာရင်းကိုယူ၍၊ရှစ်ဆယ်ရေးမှတ်လော့ဟုဆို၏ ။သင်၏သခင်သည်ကား၊မရိုးသားသောဘဏ္ဍာစိုး၏ကျွမ်းကျင်ပါးနပ်မှုကိုချီးမွမ်းလေ၏ ။အကြောင်းမူကား၊လောကီသားတို့သည်လောကအမှုကိစ္စတို့ကိုဆောင်ရွက်ကြရာ၌အလင်းသားများထက်ပို၍ကျွမ်းကျင်ပါးနပ်ကြ၏ ။ငါသည်လည်းသင်တို့အားဆိုသည်ကားမတည်မြဲသောလောကစည်းစိမ်ချမ်းသာအားဖြင့်မိတ်ဆွေများရအောင်ပြုကြလော့။သို့မှသာစည်းစိမ်ချမ်းသာတို့ကုန်ဆုံးသည့်အခါ၌ထိုမိတ်ဆွေတို့သည်သင်တို့အားထာဝရတည်သောအိမ်တော်တွင်ကြိုဆိုလက်ခံကြလိမ့်မည်။ငယ်သောအမှုကိစ္စ၌သစ္စာရှိသောသူသည်ကြီးသောအမှုကိစ္စ၌လည်းသစ္စာရှိ၏ ။ငယ်သောအမှုကိစ္စ၌မရိုးသားသောသူသည်ကြီးသောအမှုကိစ္စ၌လည်းရိုးသားမှန်ကန်လိမ့်မည်မဟုတ်။သို့ဖြစ်၍၊သင်တို့သည်မတရား၊မမှန်ကန်သောဥစ္စာစည်းစိမ်၌သစ္စာမရှိကြလျှင်စစ်မှန်သောဥစ္စာစည်းစိမ်ကိုသင်တို့အားမည်သူယုံကြည်စိတ်ချမည်နည်း။သင်တို့သည်သူတစ်ပါး၏ဥစ္စာပစ္စည်းပေါ်၌သစ္စာမရှိကြလျှင်မည်သူသည်သင်တို့ပိုင်ဆိုင်သောဥစ္စာပစ္စည်းကိုသင်တို့အားပေးအပ်မည်နည်း။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။